COMMITTEE REPRESENTING PYIDAUNGSU HLUTTAW

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်

သတင်းစဉ် အမှတ် (၆)

ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်သည် အမေရိကန် ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့သို့ အလုပ်သဘော ခရီးစဉ် သွားရောက်နေစဉ်အတွင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အတိုင်ပင်ခံ Mr. Derek Chollet နှင့် တွေ့ဆုံဆွေးနွေး

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့သို့ အလုပ်သဘော ခရီးစဉ် သွားရောက်နေသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်သည် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အတိုင်ပင်ခံ Mr. Derek Chollet နှင့် မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားမှုနှင့် BURMA Act အကောင်အထည် ဖော်ဆောင်မှုတွင် လက်ရှိမြန်မာနိုင်ငံအတွင်းရှိ စစ်ရှောင်ပြည်သူများနှင့် အရေးပေါ်အကူအညီလိုအပ်နေသူများအား ထိရောက်သော ပံ့ပိုးကူညီမှုများပေးအပ်နိုင်ရေး၊ အမျိုးသားညီညွတ်ရေးအစိုးရအပါအဝင် တိုင်းရင်းသားတော်လှန်ရေးအင်အားစုများအားလုံးနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၏ လုပ်ငန်းဆောင်ရွက်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် အကူအညီများရရှိနိုင်ရေးနှင့် မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ ကြိုးပမ်းအားထုတ်မှုများတွင် ထိရောက်သော အကူအညီများရရှိနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စု၏ အကူအညီများရရှိရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။

အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-crph-chair-and-derek-chollet/

- ကြေညာချက်များ
- သဝဏ်လွှာများ
- သတင်းထုတ်ပြန်ချက်များ
- ဝန်ကြီးဌာနများနှင့် တွေ့ဆုံမှုသတင်းများ
- စီဒီအမ်များနှင့် တွေ့ဆုံမှုသတင်းများ
- မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုသတင်းများ
- နိုင်ငံတကာဆက်ဆံရေးကဏ္ဍ

သတင်းထုတ်ပြန်ချက်



ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်သည် မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားမှုအတွက် အမေရိကန်အစိုးရနှင့် အမေရိကန်နိုင်ငံရှိ နိုင်ငံတကာအဖွဲ့အစည်းများထံမှ ထိရောက်သော ပံ့ပိုးကူညီမှုများရရှိရေးနှင့် နှစ်ဘက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေးတို့အတွက် ၇-၃-၂၀၂၃ ရက်နေ့မှ ၉-၃-၂၀၂၃ ရက်နေ့အထိ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီမြို့သို့ အလုပ်သဘောခရီး သွားရောက်ခဲ့ပြီး ခရီးစဉ်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အတိုင်ပင်ခံ Mr. Derek Chollet၊ အမေရိကန်အထက်လွှတ်တော်၊ နိုင်ငံခြားရေးကော်မတီနှင့် Committee on Appropriations အဖွဲ့ဝင်၊ Senator Chris Van Hollen၊ National Democratic Institute (NDI)၊ National Endowment for Democracy (NED) အပါအဝင် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meetings-and-discussions-of-crph-chair-during-work-trip/

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယအကြိမ် ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်ကြည်ညွန့် ပြောကြားခဲ့သည့် မိန့်ခွန်း

၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယအကြိမ် ပုံမှန် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်ကြည်ညွန့် က ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ပါသည်။

မိန့်ခွန်းအပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/chairs-speech-at-3rd-meeting-of-sagaing-regional-hluttaw/

(၇၄) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် ပြောကြားခဲ့သည့်မိန့်ခွန်း

၂၀၂၃ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီက ကြီးမှူးကျင်းပပြုလုပ်သည့် (၇၄)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် က ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ပါသည်။

မိန့်ခွန်းအပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/chair-speech-at-74th-pao-national-day-ceremony/

လူ့အခွင့်အရေးဆိုင်ရာ အာဆီယံပါလီမန်အမတ်များအဖွဲ့၏ နှစ်ပတ်လည်ဖိုရမ်သို့ CRPH ကိုယ်စားလှယ်များ ပါဝင်တက်ရောက်

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ကျင်းပခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ အာဆီယံပါလီမန်အမတ်များအဖွဲ့ (APHR) ၏ နှစ်ပတ်လည်ဖိုရမ်သို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီမှ ကိုယ်စားလှယ် (၂) ဦးနှင့် အကြံပေး (၁) ဦးတို့ တက်ရောက်ခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြတ်အေးက "မြန်မာ့ပဋိပက္ခ၊ အာဆီယံအရေးများ၊ အင်ဒိုနီးရှားနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍအား ဆွေးနွေးခြင်း" အစီအစဉ်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတို့၏ အခန်းကဏ္ဍနှင့် လက်တွဲလုပ်ဆောင်နေမှုများ၊ CRPH ၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ရှင်းလင်းဆွေးနွေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံမျှဝေခြင်း အစီအစဉ်တွင် "မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုများ အဆုံးသတ်ရေးနှင့် ဒီမိုကရေစီ ပြန်လည်ရရှိရေးတို့အတွက် CRPH ၏ တောင်းဆိုချက်များ" ခေါင်းစဉ်ဖြင့် တရားမဝင်အာဏာသိမ်းစစ်တပ်၏ ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်လုပ်ရပ်များ၊ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးပမ်းချက်များနှင့် နိုင်ငံတကာအသိုက်အဝန်းက ပံ့ပိုးကူညီပေးရန် တောင်းဆိုချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေမျိုးထက် က "MPs at Risk" ဆွေးနွေးပွဲတွင် "ရွေးကောက်ခံ မြန်မာလွှတ်တော် ကိုယ်စားလှယ်များ၏ စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့သည်။

အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှု နိုင်ပါသည်။

https://crphmyanmar.org/publications/crphs-delegates-attended-annual-forum-of-aphr-held-in-jakarta/



အလုပ်သမားရေးရာကော်မတီနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ တွေ့ဆုံဆွေးနွေး

CRPH ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ၏ အလုပ်သမားရေးရာကော်မတီသည် စစ်ဘေးရှောင်ပြည်သူများနှင့် CDM များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ အလုပ်သမားများ စွမ်းဆောင်ရည် မြှင့်တင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ အမျိုးသားညီညွတ်ရေးအစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ၁-၃-၂၀၂၃ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှု နိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-crph-labor-committee-and-nug-moc/

ပညာရေးကော်မတီသည် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြုကော်မတီ၊ နေပြည်တော်ကောင်စီအတွင်းရှိ မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

CRPH ပညာရေးကော်မတီသည် ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြုကော်မတီ၊ နေပြည်တော်ကောင်စီအတွင်းရှိ မြေပြင်ပညာရေးကဏ္ဍအား ဖော်ဆောင်နေကြသည့် ပညာရေးဘုတ်အဖွဲ့များ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများအပေါ် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်နိုင်စေရန် အတွက်ရည်ရွယ်၍ မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်း အစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့သည်။

အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှု နိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-education-committee-and-boes-of-naypyidaw-council/

(၁၄၆) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံသို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်လျက်ရှိ

ဘာရိန်းနိုင်ငံ၊ မနားမားမြို့၌ ကျင်းပလျက်ရှိသည့် (၁၄၆) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဝင်းမြတ်အေး ခေါင်းဆောင်သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး နိုင်ငံတကာပါလီမန်များအဖွဲ့ ဥက္ကဋ္ဌ Hon. Mr. Duarte Pacheco အပါအဝင် ညီလာခံသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ် အဖွဲ့များနှင့် သီးခြားတွေ့ဆုံ၍ မြန်မာ့အရေးကိစ္စများအပေါ် ဆွေးနွေးခြင်းနှင့် မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဝင်းမြတ်အေး က ညီလာခံ၏ General Debate ၌ မြန်မာ့အရေး အခြေအနေများကို တက်ရောက်ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံတကာ လွှတ်တော်များသို့ မြန်မာ့အရေးအပေါ် ပံ့ပိုးကူညီပေးရန် အတွက်တို့ကို လည်း တိုက်တွန်းတောင်းဆိုခဲ့သည်။ မြန်မာလွှတ်တော် ကိုယ်စားလှယ် အဖွဲ့၏ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်နှင့်အကြံပေးအဖွဲ့ဝင်(၁)ဦးတို့ ပါဝင်တက်ရောက်ခဲ့သည်။

အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှု နိုင်ပါသည်။

https://crphmyanmar.org/publications/the-delegation-of-union-parliament-of-myanmar-attended-at-146th-ipu-assembly/

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများအတွက် တွေ့ဆုံဆွေးနွေး

CRPH၊ ပြည်သူ့ရေးရာကော်မတီသည် လူသားချင်းစာနာ ထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနနှင့် ၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တွေ့ဆုံ၍ ဝန်ကြီးဌာနက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီ မှုများအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြေပြင် ထောက်ပံ့မှုများကို စီမံချက်များအလိုက်ဆောင်ရွက်နေမှုများ၊ ပြည်တွင်း အလှူရှင်များသာမက ပြည်ပမှ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြမှုအပေါ်သိရှိလို သည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက် ဖတ်ရှု နိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-crph-pac-and-nug-mohadm/





မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့မှု ရလဒ်များနှင့်စပ်လျဉ်း၍ အစည်းအဝေးကျင်းပပြုလုပ်

ပညာရေးကော်မတီသည် မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့် တွေ့ဆုံရာ၌ ဆွေးနွေးခဲ့သည့် အချက်အလက်များနှင့်စပ်လျဉ်း၍ ပညာ ရေးဝန်ကြီးဌာနနှင့် ၁၀-၃-၂၀၂၃ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တွေ့ဆုံခဲ့ရာတွင် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဘဏ္ဍာငွေ ရရှိမှုအခြေအနေ၊ CDM ကျောင်းသူ၊ ကျောင်းသားများအတွက် အဆင့် မြင့်ပညာ ဆက်လက်သင်ယူနိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ထောက်ပံ့မှုဆောင်ရွက်နေသည့် အခြေအနေများ၊ CDM ပညာရေး ဝန်ထမ်းများအား ထောက်ပံ့ပေးနေမှုအခြေအနေများအား ရှင်းလင်း ပြောကြားမှုအပေါ် ပညာရေးကော်မတီမှ အဖွဲ့ဝင်များက သိရှိလိုသည် များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက် ဖတ်ရှု နိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-education-committee-and-nug-moe/

အမျိုးသားညီညွတ်ရေးအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပုံမှန်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက အခွန်ခွဲဝေသုံးစွဲခြင်း လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် ဝန်ကြီးဌာန၏အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည့်အပေါ် ကော်မတီဝင်များက သိရှိလိုသည်များအား ဆွေးနွေးမေးမြန်းအကြံပြုခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ဆက်လက်ကျင်းပခဲ့ပြီး လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကော်မတီ၊ NUCC ရေးရာကော်မတီတို့က လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများအား တင်ပြခြင်းနှင့် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာကော်မတီက စစ်ဒဏ်ကို ရေရှည်ခံစားနေရသည့် ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာအားပေးမှုနှင့် မူဝါဒပိုင်းအရ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် တင်ပြခဲ့သည်။



အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-crph-and-mopfi/



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့် တွေ့ဆုံ

CRPH ပညာရေးကော်မတီသည် ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားပြုကော်မတီ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြေပြင်ပညာရေးကဏ္ဍအား ဖော်ဆောင်နေကြသည့် ပညာရေးဘုတ်အဖွဲ့များ၏ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများအပေါ် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက်ရည်ရွယ်၍ မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်းအစီအစဉ်ကို ၁၁-၃-၂၀၂၃ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့သည်။

အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-education-committee-and-boe-sagaing/

ရှေ့ဆက်ပူးပေါင်းလုပ်ဆောင်နိုင်မည့် မြေပြင်လုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးတစ်ရပ် ပြုလုပ်ကျင်းပ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ ပြည်သူ့ရေးရာကော်မတီသည် အမျိုးသားညီညွတ်ရေးအစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ၂၀၂၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့်တွေ့ဆုံ၍ ဝန်ကြီးဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများ၊ နိုင်ငံတကာနှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်မှု၊ ဘဏ္ဍာ ငွေကြေးအသုံးပြုမှု၊ ယှဉ်ပြိုင်မှုနှင့်စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းစဉ်များ၊ MSME Developing Center ၏ လုပ်ငန်းစဉ်များ၊ Spring Rose Enterprise ၏ Fund Raising ဆိုင်ရာကိစ္စများ စသည့် မြေပြင်လုပ်ငန်းများဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-public-affairs-committee-and-ministry-of-commerce/



မြန်မာလွှတ်တော်ကိုယ်စားလှယ်များ ရင်ဆိုင်နေရသည့် အကြမ်းဖက် အာဏာသိမ်း စစ်ကောင်စီ၏ လူ့အခွင့်အရေး ချိုးဖောက်နေမှုများကို ရှင်းလင်းတင်ပြ

ဘာရိန်းနိုင်ငံ၊ မနားမားမြို့၌ ကျင်းပလျက်ရှိသည့် (၁၄၆) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ လေ့လာသူအဖြစ် တက်ရောက်လျက်ရှိသည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ၁၄-၃-၂၀၂၃ ရက်နေ့၌ ကျင်းပသည့် “Panel Discussion: Parliamentary solidarity with MPs at risk” ဆွေးနွေးပွဲသို့ တက်ရောက်၍ အကြမ်းဖက်စစ်တပ်၏ ဥပဒေမဲ့ အာဏာသိမ်းမှုနောက် မြန်မာရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအပေါ်၌ ကျူးလွန်လုပ်ဆောင်ခဲ့သည့် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ရှင်းလင်းတင်ပြခဲ့ပြီး အာဏာသိမ်းစစ်တပ်၏ လူမဆန်သော အကြမ်းဖက်မှုများကြားမှ မြန်မာနိုင်ငံ၌ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး ပြန်လည်ရရှိရန် ကြိုးပမ်းနေမှုများ၊ အားလုံးပါဝင်နိုင်မည့် အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးကြိုးပမ်းမှုများတွင် ကမ္ဘာတစ်ဝန်းမှလွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက လက်တွေ့ကျသော ပူးပေါင်းကူညီမှုများ ဆောင်ရွက်ပေးရန်တို့ကိုလည်း တောင်းဆိုတိုက်တွန်းခဲ့သည်။

အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/explained-human-rights-violations-of-terrorist-military-coup-facing-myanmar-mps/

မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားမှုအတွက် နိုင်ငံတကာအသိုက်အဝန်း၏ ထိရောက်သော ပံ့ပိုးကူညီမှုများရရှိရေး ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံ၌ တရားမဝင် အာဏာသိမ်းစစ်တပ်၏ အကြမ်းဖက်မှုများ အဆုံးသတ်ရေးနှင့် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး ပြန်လည်ရရှိရေးတို့အတွက် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ဒီမိုကရေစီ အင်အားစုများ၏ ကြိုးပမ်းအားထုတ်မှုများတွင် ထိရောက်သော ပံ့ပိုးကူညီမှုများနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် လုပ်ငန်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဘာရိန်းနိုင်ငံ၊ မနားမားမြို့၌ ကျင်းပလျက်ရှိသည့် (၁၄၆) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လျက်ရှိသည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ကိုရီးယား၊ ပြင်သစ်၊ ဆွီဒင်၊ အရှေ့တီမောနှင့် အင်ဒိုနီးရှားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး အနာဂတ်တွင် နှစ်ဘက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/international-relations/efforts-to-obtain-support-from-international-community-for-democracy-movement/

(၇၄)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့သို့ ပေးပို့ခဲ့သည့် သဝဏ်လွှာ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မတ်လ ၅ ရက်

(၇၄)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

၁။ ထူးခြားသော သမိုင်းအစဉ်အလာကို ဖော်ညွှန်း၍ ဂုဏ်ထူးဝိသေသများဖြင့် ပြည့်ဝသည့် ဤနေ့ထူးနေ့မြတ် ပအိုဝ်းအမျိုးသားနေ့တွင် ပအိုဝ်းတိုင်းရင်းသားများ၏ ဇာတိသွေး၊ ဇာတိမာန်များနှင့် ကျေးဇူးတရားတို့အပေါ် သိတတ်နားလည်မှုများအတွက် လွန်စွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပြီး ပအိုဝ်းတိုင်းရင်းသားများနှင့်အတူ နိုင်ငံတဝှမ်းရှိ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း မေတ္တာပို့သအပ်ပါသည်။

၂။ ပအိုဝ်းတိုင်းရင်းသားများသည် ဘာသာတရားကို တန်ဖိုးထားလေးစားကြသော လူမျိုးများဖြစ်သည်သာမက ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုများဖြင့် သမိုင်းအစဉ်အလာ ထည်ဝါလှပသော လူမျိုးများဖြစ်ကြပါသည်။ ပအိုဝ်းတိုင်းရင်းသားတို့၏ အနာဂတ်အား ထွန်းလင်းတောက်ပစေခဲ့သည့် သူရိယစန္ဒာမင်း၏ ကျေးဇူးတရားကို ဖော်ညွှန်းရန် ထိုမင်း၏ မွေးနေ့ တပေါင်းလပြည့်နေ့ကို ပအိုဝ်းအမျိုးသားနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြသည်မှာ ယနေ့တွင် (၇၄)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

၃။ ခေတ်အဆက်ဆက်တွင် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် စိတ်အားထက်သန်စွာ ပါဝင်ခဲ့ကြသည်သာမက ယခုနွေဦးတော်လှန်ရေးတွင်လည်း ပအိုဝ်းတိုင်းရင်းသားများသည် ကျရာတာဝန်များ ထမ်းရွက်လျက် အကြမ်းဖက် စစ်အာဏာရှင်အုပ်စု၏ မတရားမှုများကို ခုခံတွန်းလှန်တိုက်ပွဲဝင်လျက်ရှိရာ အရွေ့တစ်ခုသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ မိမိတို့အားလုံး၏ ခိုင်မာသောယုံကြည်ချက်၊ ဇွဲ၊ သတ္တိတို့ဖြင့် အာဏာရှင်စနစ်ဆိုးအားဆန့်ကျင်တွန်းလှန်နေစဉ်တွင် အာဏာရှင်တို့၏ ပုံမှန်လုပ်ရိုးလုပ်စဉ်ဖြစ်သော ကောက်ကျစ်သော

၂

သွေးခွဲမှုများဖြင့် မိမိတို့တိုင်းရင်းသား ပြည်သူများအကြား စည်းလုံးမှုအင်အားကို ပျက်ပြားစေမည့် လုပ်ရပ်များကိုလည်း အသိ၊ သတိကြီးစွာ သိရှိနားလည်ထားသင့်သည်ကို ဖော်ပြလိုပါသည်။ နွေဦးတော်လှန်ရေးတွင် ကိုယ်ကျိုးစွန့်အနစ်နာခံ၍ နိုင်ငံတော်နှင့်ပြည်သူများအတွက် အသက်သွေးချွေး ရင်းနှီးပေးဆပ်ခဲ့ကြသည့် ပအိုဝ်းတိုင်းရင်းသားသွေးချင်းညီနောင်များကိုလည်း လေးစားဂုဏ်ယူပါကြောင်း မှတ်တမ်းတင်ဖော်ပြလိုပါသည်။

၄။ ပြည်တွင်းပြည်ပရှိ ပအိုဝ်းတိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူများ အားလုံးအနေဖြင့် စည်းလုံးညီညွတ်မှုအင်အားကို အတူတကွဖော်ဆောင်၍ တွဲလက်ခိုင်မာစွာဖြင့် တူညီသောဘုံပန်းတိုင်ဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက်ချီတက်ရှေ့ဆက်ကြပါစို့ဟု တိုက်တွန်းရင်း ဤ **(၇၄)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့** သဝဏ်လွှာအား ဂုဏ်ယူစွာ ပေးပို့အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

ကိုဖုန်းမော်၊ ကိုစိုးနိုင် ကျဆုံးခြင်း (၃၅)နှစ်ပြည့် နှစ်ပတ်လည်နေ့သို့ ပေးပို့ခဲ့သည့် သဝဏ်လွှာ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၃ ရက်

ကိုဖုန်းမော်၊ ကိုစိုးနိုင် ကျဆုံးခြင်း (၃၅)နှစ်ပြည့် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ

၁။ ၁၉၈၈ ခုနှစ်၊ မတ်လ (၁၃) ရက်နေ့တွင် တက္ကသိုလ် ပရဝဏ်အတွင်း၌ပင် စစ်အာဏာရှင်နေဝင်း၏ အကြမ်းဖက်စစ်တပ်က သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားများဖြစ်သည့် ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးသွားခဲ့သည်မှာ ယနေ့ဆိုလျှင် (၃၅) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ မိမိတို့၏ ကိုယ်ပိုင်လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုတို့အတွက် ခေတ်အဆက်ဆက် စစ်အာဏာရှင်စနစ်ကိုတွန်းလှန်သည့် တိုက်ပွဲတိုင်းတွင် တိုင်းပြည်၏အနာဂတ်ဖြစ်သော ကျောင်းသားလူငယ်များသည် တော်လှန်ရေးတပ်ဦးမှာ အမြဲရှိနေကြပါသည်။ ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးခဲ့သည့်နေ့ရက်သည် မေ့ပျောက်၍မရသော မြန်မာနိုင်ငံ၏ အရေးပါသည့် ဝမ်းနည်းဖွယ်ရာ သမိုင်းမှတ်တမ်းတစ်ခုဖြစ်ပါသည်။

၃။ အာဏာရမ္မက်ကြီးသောစစ်အာဏာရှင်များသည် ပြဿနာတိုင်းကို လက်နက်နည်းဖြင့် ဖြေရှင်းခဲ့ကြသည့်အတွက် ပြည်သူလူထုတစ်ရပ်လုံး ဝမ်းနည်းဖွယ်အဖြစ်ဆိုးများနှင့် တွေ့ကြုံခံစားနေကြရသည်မှာ ယနေ့အချိန်အထိဖြစ်ပါသည်။ ယခု နွေဦးတော်လှန်ရေးတွင်လည်း ကိုဖုန်းမော် နှင့် ကိုစိုးနိုင်တို့ကဲ့သို့ စစ်အာဏာရှင်စနစ်ကိုတွန်းလှန်ရင်း ကျဆုံးခဲ့ကြသောတက္ကသိုလ်ကျောင်းသားလူငယ် အာဇာနည်သူရဲကောင်းများ အားလုံးအား ဤသဝဏ်လွှာမှ တစ်ဆင့် ဂုဏ်ပြုဦးညွှတ်လိုပါသည်။

၂

၄။ နှစ်ပေါင်းများစွာကြာ စစ်အာဏာရှင်အုပ်စုက တိုင်းပြည်နှင့် လူမျိုးဘဝဖွံ့ဖြိုးတိုးတက်ရေးထက် ၎င်းတို့အာဏာတည်မြဲရေးအတွက် လက်နက်အားကိုးဖြင့် ပြည်သူလူထုတစ်ရပ်လုံးအား မတရားအုပ်ချုပ်ခဲ့ခြင်းကြောင့် ကျောင်းသားလူငယ်များသည် စစ်အာဏာရှင်များကတားဆီးပိတ်ပင်မှုများကြားမှပင် ပညာသင်ယူကြရင်း စစ်အာဏာရှင်ဆန့်ကျင်ရေး စိတ်ဓာတ်ကိုလည်း သမိုင်းစဉ်တစ်လျှောက် လက်ဆင့်ကမ်းနိုင်ခဲ့ကြပါသည်။

၅။ ဒီမိုကရေစီ ခရီးကြမ်းတစ်လျှောက်တွင် ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ကဲ့သို့ အသက်၊ သွေး၊ ချွေးများပေးဆပ်ခဲ့ကြသော စွန့်လွှတ်အနစ်နာခံမှုများကို ကျွန်ုပ်တို့၏ မှန်ကန်သောလုပ်ဆောင်မှုများဖြင့် ပြန်လည်တုန့်ပြန်ရန်နှင့် မမေ့မလျော့ဘဲ လေးစားဂုဏ်ပြုကြရန်ဖြစ်ပါသည်။ အတိတ်သမိုင်းရဲ့ အဖြစ်ဆိုးများအပေါ်မှာလည်း သင်ခန်းစာယူပြီး Generation Z ကျောင်းသားလူငယ်များအပါအဝင် ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် စည်းလုံးညီညွတ်မှုကိုအခြေခံကာ နှစ်ပေါင်းများစွာကတည်းက လိုလားတောင့်တနေသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင် ခိုင်မာသော စိတ်ဓာတ်၊ မလျော့သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့်ဆက်လက် ချီတက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုပါသည်။

၆။ စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းကာ အေးချမ်းသာယာသော အနာဂတ်နိုင်ငံတော်သစ်ကို ကောင်းမွေအဖြစ် ချန်ထားနိုင်စေရန် အားလုံးသော တော်လှန်ရေးအစုအဖွဲ့များနှင့်ပူးပေါင်း၍ ဆက်လက်ကြိုးပမ်းတည်ဆောက် သွားပါမည်ဟု ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အနေဖြင့် ကတိသစ္စာပြုရင်း ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ